ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ကယားပြည်နယ်

CDD

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

Village Development Plan (VDP)

မိုင်းထမ်း ကျေးရွာ၊ ဘောလခဲ ကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

## မာတိကာ

၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ မိုင်းထမ်း ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)


၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ ဘောလခဲ မြို့နယ်မြေပုံ



## ၂။ မိုင်းထမ်း ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | မိုင်းထမ်းကျေးရွာ | ၁၀၅ | ၂၄၅ | ၂၂၀ | ၄၆၅ |
| ၂ | ရေနီပေါက်ကျေးရွာ | ၇၄ | ၁၈၂ | ၁၇၄ | ၃၅၆ |
| ၃ | ဝမ်ချယ်ကျေးရွာ | ၇၆ | ၁၇၁ | ၁၄၈ | ၃၁၉ |
| | **စုစုပေါင်း** | ၂၅၅ | ၅၉၈ | ၅၄၂ | ၁၁၄၀ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့နယ်၊ ဘောလခဲကျေးရွာအုပ်စုရှိ မိုင်းထမ်း ကျေးရွာသည် ပွန်ချောင်း၏အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး လူဦးရေအားဖြင့် ကျား (၂၄၅)ဦး၊ မ( ၂၂၀)ဦး၊ စုစုပေါင်း (၄၆၅ ) ဦး ခန့်နေထိုင်ကြပါသ်။ မိုင်းထမ်းဆိုသည်မှာယခင်က ရှမ်းလိုအခေါ်မိန်းထမ်ဟူ၍ဖြစ်သည်။ မိန်းဆိုသည်မှာ တိုင်းပြည်ဟု အဓိပ္ပါယ်ရပြီး ထမ်း ဆိုသည်မှာ ဂူပေါက်ဟူ၍ဖြစ်သည်။ ထို့ကြောင့်မိန်းထမ်( ဂူပေါက်တိုင်းပြည်)ဟု အဓိပ္ပါယ်ရပါသည်။ ထိုသို့ ခေါ်ခြင်းမှာ ပတ်ဝန်းကျင်တွင် ဂူပေါက်ကြီး ၊ငယ် အများအပြားရှိခြင်းကြောင့်ဖြစ်သည်။ မိန်းထမ် ခေါ်ရာမှ မြန်မာလိုအရေးအသား မိုင်းထမ်းဟူ၍ ဖြစ်လာကာ ယနေ့တိုင် မိုင်းထမ်းဟုသာခေါ်ဝေါ် ရေးသားကြတော့သည်။ ၎င်းကျေးရွာရှိလူမျိုးနွယ်စုများမှာ ရှမ်း၊ကယား၊ဗမာ မျိုးနွယ်စုများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ရိုးရာတံခွန်တိုင်နတ်ကိုးကွယ်မှု များလည်းရှိပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ ရေထွက်ပေါက်များအနီးတွင် နတ်ကွန်းငယ်ကလေးများ ဆောက်ကာရေထွက်ပေါက်အရှင်ကိုလည်း ပူဇော်ပသ သည့်ဓလေ့လည်း ရှိပါသည်။

ကျေးရွာလူထု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ တောင်ယာ လုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။အချို့မှာတံငါလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်ရှိပြီး တောလိုက် (မုဆိုးလိုက်) ခြင်းများလည်းရှိသည်။မိုင်းထမ်းကျေးရွာကို တည်ထောင်ခါစတွင် ဦးဆန်မတ် ၊ ဦးကျော်ဟိုး နှင့် လွန်းဆိုင်တို့မှ အိမ်ခြေ (၃) အိမ်ဖြင့်သာ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်မှ အိမ်ခြေများ တဖြည်းဖြည်းချင်းတိုးလာကာ ယခုတွင် အိမ်ခြေ (၁၀၅) အိမ် ခန့်ရှိနေပြီဖြစ်သည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်းအမြစ်ပြမြေပုံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊စေတနာ့ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဉစ္စာခနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဇင်းပုံစံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၃၆ | ၃၀ | ၆၆ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ


### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ



မိုင်းထမ်းကျေးရွာတွင် အိမ်ခြေ ( ၁၀၅ )အိမ်ရှိပြီး အိမ်ထောင်စုမှာ (  ၁၀၄ )ရှိကာ စုစုပေါင်း လူဦးရေ မှာ (၄၆၅)ဦးရှိပါသည်။ မိုင်းထမ်းကျေးရွာသည် ပွန်ချောင်း၏အရှေ့ဘက်(၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင်တောင်တန်းများသွယ်တန်း ကာရံထားပြီး ရွာ၏တောင်ဘက်တွင် ဝမ်ချယ်ကျေးရွာ၊ ရွာ၏ အနောက်ဘက်တွင် ရေနီပေါက်ကျေးရွာတည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ရှိသော ဘောလခဲ-ရွာသစ်သွားရာကတ္တရာလမ်းမကြီးသည် ကျေးရွာ၏အဓိက လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ မိုင်းထမ်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကအသက် မွေးဝမ်းကြောင်းအဖြစ်လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံတွင်မူ ငှက်ပျောပင်၊ကွမ်းသီးပင်၊ကွမ်းရွက်ပင်၊ ပိတ်ချင်းပင်များစိုက်ပျိုးကြပါသည်။ လယ်ဧကအနည်းငယ်ရှိသော်လည်း စပါးစိုက်ပျိုးမှုမှာ အနည်းငယ်သာဖြစ်ထွန်းသောကြောင့် စပါးစိုက်ပျိုးမှုမှာ နည်းပါးလှသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရေထွက်ပေါက်ရှိပါသည်။ ရွာပတ်ဝန်းကျင်တွင် ထိန်းတောများသတ်မှတ်ပြီး သဘာဝ အရင်းအမြစ်များကိုထိန်းသိမ်းကာကွယ်ထားကြပါသည်။ မိုင်းထမ်းကျေးရွာတွင် ယင်းတလဲလူမျိုးများ အဓိက နေထိုင်ကြပြီး ရှမ်း၊ကယား၊ဗမာ လူမျိုးများလည်းနေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာကို အထွဋ်အမြတ်ထား ကိုးကွယ်ကြပါသည်။ကယားရိုးရာ ကေ့ထိုျုးဘိုးနတ်ကိုးကွယ်ခြင်းများလည်းရှိပါသည်။

အဓိကလမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုင်းထမ်း-ဘောလခဲ သွားရာကတ္တရာလမ်းမကြီးကို အဓိက အသုံးပြုကြရပါသည်။ ဝမ်ချယ်ကျေးရွာနှင့် ရေနီပေါက်သို့သွားရာ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြင့်သာ သွားလာရပါသည်။ထို့ကြောင့် မိုးရာသီတွင် ဗွက်ထခြင်း ၊ ရွံ့နွံများထူခြင်းတို့ကြောင့် ဆိုင်ကယ်ဖြင့်သွားလာရာ တွင်သွားလာရေးအလွန်ခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ မြေသားလမ်းသာ ရှိသည့်အတွက် ကျန်းမာရေးနှင့် ပညာရေးပိုင်းတွင် ဖွံ့ဖြိုးမှုမှာလည်းအလွန်နောက်ကျနေပါသည်။ ကျေးရွာရှိအများပိုင်အဆောက်အဦးများမှာ အလယ်တန်းကျောင်း၊လူငယ်ဖွံ့ဖြိုးရေးရိပ်သာ၊ ဘုန်းကြီးကျောင်း၊ဇရပ်၊ကျေးလက်ဆေးပေးခန်း၊စာကြည့်တိုက်၊ မျိုးစေ့ဘဏ် နှင့်ရေလှောင်ကန် များဖြစ်ပါသည်။၄င်းတို့အနက် ကျေးရွာပိုင် ရေလှောင်ကန်ရှိသော်လည်း လူဦးရေနှင့် ရေကန်ဝင်ဆံ့မှုမှာမမျှခြင်း၊တောမီးများလောင်ခြင်း၊တောင်ကျရေမှ ကျောက်တုံးများပွတ်တိုက် မှုကြောင့် ပိုက်များ ကွဲခြင်း၊ ပိုက်ပြုတ်ထွက်ခြင်းများကြောင့်ရေပိုက်လိုင်းမခိုင်မာခြင်းများဖြစ်ကာ သောက်သုံးရေ မလုံလောက်ပါ။

## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဥစ္စာဓနကြွယ်ဝမှုပြဇယား (မိုင်းထမ်းကျေးရွာ)

| အမျိုးအစား | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပို၍ပြေလည် | အိမ်ကြီး၊အိမ်ကောင်း၊ ထော်လာဂျီ၊ ထွန်စက်၊ နွားအုပ်၊ ယာခင်း၊ ဆိုင်ကယ်၊ ငွေကြေးအဆင်ပြေ၊ ကုန်စုံဆိုင် ။ | ၂၀ | ၁၉.၂ % |
| ပြေလည် | နွား၊ ယာ၊ ဆိုင်ကယ်၊ ထွန်စက် (ကျိုင်းရှည်)၊ အိမ်သင့်တင့် ။ | ၃၅ | ၃၃.၆၅ % |
| နွမ်းပါး | ထရံကာအိမ်၊ ယာ ။ | ၄၉ | ၄၇.၁ % |
| | | ၁၀၄ | ၁၀၀% |


မိုင်းထမ်းကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှုပြဇယား အရ ပို၍ပြေလည်သောအုပ်စု ၊ ပြေလည်သောအုပ်စု နှင့် နွမ်းပါးသောအုပ်စု ဟူ၍ အုပ်စု(၃) စုတွေ့ရပါသည်။ပို၍ပြေလည်သောအုပ်စုတွင်အိမ်ထောင်စု (၂၀) ရှိပြီး ပြေလည်သောအုပ်စုမှာ (၃၅) အိမ်ထောင်စု ရှိပါသည်။ နွမ်းပါးသော အိမ်ထောင်စုမှာ (၄၉) အိမ်ထောင်စုရှိပြီး မိုင်းထမ်းကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု ပိုများနေပါသည်။ပို၍ပြေလည်သောအိမ်ထောင်စုမှာ ရာခိုင်နှုန်း အားဖြင့် (၁၉.၂%)၊ ပြေလည်သော အုပ်စုတွင် (၃၃.၆၅%)ရှိပြီး နွမ်းပါးသောအုပ်စုတွင် (၄၇.၁% )ရှိပါသည်။ ထို့ကြောင့် မိုင်းထမ်းကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စုပိုများနေပါသည်။ နွမ်းပါးရသည့်အကြောင့်အရင်းမှာ သီးနှံများထွက်သော်လည်းဂယ်မည့်သူမရှိခြင်း၊ ရေရရှိမှုမှာစိုက်ပျိုးရေးလုပ်ငန်းအတွက် လုံလောက်မှုမရှိခြင်း တို့ကြောင့်ဖြစ်သည်။အလုပ်အကိုင်အခွင့်အလမ်း ရှားပါးလွန်းခြင့်ကြောင့်လည်း ပုံမှန်ဝင်ငွေမရှိပါ။ဝင်ငွေ နည်းသောကြောင့် ကလေးများကိုလည်း ကျောင်းမထားနိုင်ပါ။ကျန်းမာရေး ၊ ပညာရေးဝန်ဆောင်မှု အလှမ်းဝေး နေခြင်း ၊အသိပညာ ဗဟုသုတ များအားနည်းနေသောကြောင့်လည်း နွမ်းပါးသော အိမ်ထောင်စုပိုများနေခြင်း ဖြစ်သည်။အမျိုးသမီး အများစုမှာ တစ်နေ့တာလုံး အိမ်အလုပ်တွင်သာအချိန်ကုန်နေရသဖြင့် အခြားအပိုဝင်ငွေ မရှိပါ။

## (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





မိုင်းထမ်းကျေးရွာတွင် အရင်းအမြစ်သုံးစွဲမှု နှင့် ထိန်းချုပ်မှုမှာ အမျိုးသား အမျိုးသမီး တူညီမှုမရှိပါ။ ရာသီပေါ်သီးနှံရောင်းဝယ်ခြင်း ၊ အိမ်တွင်းမှု လုပ်ခြင်း၊ဝက်စာ ကြက်စာကျွေးခြင်းများကို အမျိုးသမီးများသာ လုပ်ကြသည်။သဲ၊ကျောက်၊တောလိုက်ခြင်း၊တံခွန်တိုင်၊သစ်ခုတ်ခြင်းတို့ကို အမျိုးသားများ ကိုယ်တိုင်သုံးစွဲကြပြီး ကိုယ်တိုင်ထိန်းချုပ်ကြသည်။လယ် နှင့် တောင်ယာကို အမျိုးသား/အမျိုးသမီးသုံးစွဲကြသည်။ တောင်ယာ၊ လယ်၊မီးသွေးဖုတ်ခြင်း၊ဝက် ကြက်မွေးမြူရေး ၊ရာသီပေါ်သီးနှံစိုက်ပျိုးခြင်းများကို အမျိုးသားများထိန်းချုပ်ပါသည်။အမျိုးသမီးများနှင့်အမျိုးသားများအား တန်းတူအခွင့်အရေး ၊ အချိန် ပေးကာပူးပေါင်းဆွေးနွေး စေခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီး ပိုင်ဆိုင်မှုတန်းတူဖြစ်နိုင်ပါသည်။

(ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)




မိုင်းထမ်းကျေးရွာရှိ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် ဝင်ငွေမှာအားနည်းနေပြီး အိမ်တွင်းမှု အလုပ်တွင်မူ အချိန်ပြည့်နီးပါး လုပ်ရသည်ကိုတွေ့ရပါသည်။အမျိုးသမီးများသည် အသိပညာဗဟုသုတဘက်တွင် လည်းအားနည်းနေပါသည်။ ကျေးရွာတွင်းတွင်လည်းကျန်းမာရေးအသိပညာ နှင့် ဝန်ဆောင်မှုသည်လည်း အလှမ်းဝေးနေပါသည်။ကျေးရွာတွင် အမျိုးသမီးသီးသန့်ဆွေးနွေးပွဲများရပိုင်ခွင့် နှင့် လုပ်အားခများ တန်းတူ ပေးခြင်းဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများအား လက်တွဲခေါ်နိုင်မည်ဖြစ်သည်။ မိုင်းထမ်း ကျေးရွာတွင် အမျိုးသားနှင့်အမျိုးသမီး သာတူညီမျှမှုကိုလည်း ကျေးရွာရှိအမျိုးသမီးများနှင့်အတူပါဝင်ဆွေးနွေး ခဲ့ပါသည်။


### (င) ရာသီခွင်ပြဇယား



မိုင်းထမ်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်း ဖြစ်ပြီး လုပ်ငန်းကာလမှာ ၆လပိုင်း၊၇ လပိုင်း၊၈ လပိုင်း နှင့် ၉ လပိုင်းတို့ဖြစ်သည်။၆ လပိုင်းနှင့် ၇လပိုင်းတွင် လုပ်ငန်းများထပ်သောကြောင့် အားလပ်ရက်မရှိပါ။ အဓိက စိုက်ပျိုးသီးနှံမှာ နှမ်း ဖြစ်ပြီး ပြောင်းကောက် ကိုလည်း ကြားညှပ်စိုက်ပျိုး ကြပါသည်။ တစ်နှစ်ပတ်လုံးနီးပါး အလုပ်လုပ်သော်လည်း ဝင်ငွေများသောလမှာ (၃)လသာရှိပြီး သီတင်းကျွတ်လတွင် နှမ်းရောင်းဝယ်ခြင်းဖြင့် ဝင်ငွေအကောင်းဆုံးလဖြစ်ပါသည်။ ဆန်စပါးကို ဖြစ်ထွန်းမှုနည်းသဖြင့် အနည်းငယ်သာစိုက်ပျိုးပါသည်။

မိုင်းထမ်းကျေးရွာရှိ မိသားစုများသည် ဗုဒ္ဓဘာသာကိုးကွယ်သက်ဝင်သူများဖြစ်သည့် အားလျော်စွာ ပွဲတော်ကာလမှာ ဧပြီလပိုင်း ၊ ဩဂုတ်လပိုင်း၊ စက်တင်ဘာလပိုင်း၊အောက်တိုဘာလပိုင်း၊နိုဝင်ဘာလပိုင်း နှင့် ဇန်နဝါရီလပိုင်းတို့တွင် ကျင်းပပြုလုပ်ကြသည်။ ကယားရိုးရာ ဒီးကူပွဲတော်ကို ဩဂုတ်လပိုင်းတွင်ကျင်းပပြီး၊ ဖေဖော်ဝါရီလပိုင်းတွင် ထမင်းနဲပွဲ တော်ကိုကျင်းပကြသည်။အလုပ်ပါးချိန်တွင် အမျိုးသား/အမျိုးသမီး လုပ်အားခ တန်းတူမရပါ။သို့သော် အလုပ်များချိန်တွင် အမျိုးသားအမျိုးသမီး လုပ်အားခ (၄၀၀၀) တန်းတူရပါသည်။ တစ်နှစ်တာဝင်ငွေနှင့်ထွက်ငွေမှာ မျှတမှုမရှိပါ။ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းသာဖြစ်သဖြင့်မိုးရာသီတွင် ဗွက်ထသဖြင့် သွားလာရေးအလွန်ခက်ခဲပါသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်





မိုင်းထမ်းကျေးရွာတွင် အဖွဲ့အစည်းပေါင်း (၁၉) ဖွဲ့ရှိပါသည်။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံအရ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်သြဇာအာဏာအလွှမ်းမိုးဆုံး ဖြစ်ပါသည်။ ကျေးရွာတွင်းအဖွဲ့အစည်းများမှာလူငယ်အဖွဲ့၊ ပညာရေးကော်မတီ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့၊ဂေါပကအဖွဲ့၊ဓမ္မစကြာအဖွဲ့၊ကျန်းမာရေးကော်မတီ၊အမျိုးသမီးစွမ်းအားမြှင့်တင်ရေးအဖွဲ့၊မျိုးစေ့ဘဏ်၊ စိုက်ပျိုး မွေးမြူရေးနှင့် ကေ့ထိုးဘိုးအဖွဲ့တို့ဖြစ်သည်။ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ IRC ၊ JRC ၊ ပက်မြန်မာ ၊ ကယားဖူး၊KNPP တို့ဖြစ်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်ပေးပြီး ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုရှိသည်။ ကျေးရွာရှိလူငယ်များသည်။ ကျေးရွာ

တွင်လိုအပ်သောသာရေးနာရေး များတွင်ပါဝင်ဆောင်ရွက်ကြသည်။ ပြင်ပအဖွဲ့အစည်းများသည်လည်း ကျေးရွာတွင်းအဖွဲ့များနှင့် ကဏ္ဍအလိုက်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။


**(ဆ) အခက်အခဲများနှင့်ပြဿနာများ**




မိုင်းထမ်းကျေးရွာတွင် မူကြိုအရွယ်ကလေးငယ်များအတွက် ပြုစုရေးအတွက် ECDDဝန်ထမ်း မရှိသဖြင့် မူကြိုကလေးငယ်များ အတွက်စနစ်တကျ သင်ကြားမှု၊ ပြုစုစောင့်ရှောက်မှုများမရရှိပါ။ကျေးရွာမှခန့်ထားသောမူကြိုဆရာမ (၁)ဦးသာရှိသဖြင့် ကလေးဦးရေနှင့် ဆရာမအင်အားမမျှပါ ။ကျန်းမာရေးဝန်ဆောင်မှုအတွက်လည်း ကျန်းမာရေးဝန်ထမ်းအမြဲမရှိသဖြင့် အရေးပေလူနာရှိသည်အခါမျိုးတွင် ဘောလခဲမြို့နယ်ဆေးရုံအထိသွားရောက်ကုသရသည်။ ရာသီဥတုမကောင်းသဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးနည်းပညာ စနစ်တကျတတ်မြောက်မှုမရှိသဖြင့်လည်းကောင်း၊အသိပညာ နှင့် အသက်မွေးဝမ်းကျောင်းနည်းပညာမတတ်သဖြင့်လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းအလွန်ရှားပါးပါသည်။ ထို့ကြောင့် စားဝတ်နေရေး အခက်အခဲကိုရင်ဆိုင်နေကြရသည်။ကျေးရွာတွင် အလယ်တန်းကျောင်း(ခွဲ)သာရှိသဖြင့် ကလေးများကိုအထက်တန်းပညာရေးအတွက်ဘောလခဲမြို့အထိကျောင်းသွားတက်ကြရသည်။အချို့မှာငွေကြေးအဆင်မပြေသဖြင့်၊သွားလာရေးအတွက်ဆိုင်ကယ် မရှိသဖြင့်အလယ်တန်းအထိသာပညာသင်ခွင့် ရကြပါသည်။ ကျေးရွာတွင် ရေအရင်းအမြစ်ရှိသဖြင့် ရေပေါ်များသော်လည်းပင်မရေသွယ်မြောင်းမှာစနစ်တကျ ဖောက်လုပ်သွယ်တန်းထားခြင်းမရှိသောကြောင့် သောက်သုံးရေလုံလောက်မှုမရှိပါ။မိုင်းထမ်းကျေးရွာတွင် သာရေး၊နာရေး၊ အခမ်းအနားပွဲများရှိသည့်အခါ နေရာထိုင်ခင်းမရှိသဖြင့် ပွဲလမ်းသဘင်အခမ်းအနားရှိသည့်အခါမျိုးတွင် အခက်အခဲများစွာကြုံတွေ့နေရသည်။ကျေးရွာတွင်းလမ်းများသည်လည်း လမ်းခါတ်မီးတိုင် နှင့် မီးများတပ်ဆင်ထားခြင်းမရှိသောကြောင့်ညဘက်တွင် သွားရေးလာရေးအဆင်မပြေပါ။ မိုင်းထမ်း မှ ရေနီပေါက် သွားလမ်းသော်လည်းကောင်းမိုင်းထမ်း မှ ဝမ်ချယ် သို့သွားလမ်းသော်လည်းကောင်း မြေသားလမ်းသာဖြစ်သဖြင့် မိုးရာသီတွင်တစ်ရွာနှင့် တစ်ရွာသွားလာရခက်ခဲပါသည်။မိုင်းထမ်းကျေးရွာရှိလူငယ်အများစုမှာ ကျန်းမာကြံ့ခိုင်ရေးအတွက်အားကစားလှုပ်ရှားမှုအားနည်းနေသဖြင့်အချို့လူငယ်များမှာလမ်းလွဲနေသည်။အချို့သောလူငယ်များမှာလည်း အားကစားလိုက်စားမှုရှိသော်လည်း အားကစားကွင်းကောင်းကောင်းမရှိသေးပါ။ စိုက်ပျိုးရေးအတွက်လည်း မျိုးကောင်းမျိုးသန့်များမရှိပါ။ကျေးရွာတွင်ခြံထွက်သီးနှံများထွက်သော်လည်း သီးနှံအရောင်းဈေးကွက်မရှိသဖြင့် ဘောလခဲဈေးသို့သာ ဈေးပေါပေါဖြင့် ရောင်းချကြရသည်။


(၈) မျှော်မှန်းချက်



မျှော်မှန်းချက်များ (အမျိုးသမီး)
- ဝန်ဆောင်မှုများ ပြည့်စုံသော မူကြိုကျောင်း
- အလုပ်ကိုင် အခွင့်အလမ်း ပေါ်များလာစေရန်
- ကျေးရွာဈေး နှင့် အဝယ်ပွဲရုံများ ရှိလာစေရန်
- စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်
- စီးပွားရေး စနစ်များ ကောင်းမွန်လာစေရန်
- အထက်တန်း ကျောင်း ရှိရမည်
- သန့်ရှင်းသောရေ အလုံအလောက် ရရှိရန်



မျှော်မှန်းချက်များ (အမျိုးသား)
- ခေတ်မီအားကစားရုံကြီး
- ကျေးရွာခန်းမဆောင်ကြီး
- တစ်ရွာလုံး မီးလင်းရေး
- သုံးရေ/သောက်ရေ လုံလောက်စွာ ရနေခြင်း
- စက်မှုစိုက်ပျိုးစနစ် ဖွံ့ဖြိုးလာစေရန်
- အလုပ်အကိုင်အခွင့်အလမ်းပေါ်များ လာစေရန်
- တစ်ရွာနှင့်တစ်ရွာ သွားလာရေး အဆင်ပြေရန်
- ကျောင်းအားကစားမှ ကမ္ဘာ့အားကစားသို့ တိုးတက်လာစေရန်

မိုင်းထမ်းကျေးရွာသ ူရွာသားများ၏နောင်လာမည့် (၅)နှစ်အတွင်းကျေးရွာအတွက်မျှော်မှန်းထားသည့် မျှော်မှန်းချက်များကိုကြည့်ခြင်းအားဖြင့် ကျေးရွာလူထုအားလုံးသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူများဖြစ်ကြသည်။ကျေးရွာ၏ မျိုးဆက်သစ်များကိုလည်းမိမိကျေးရွာတွင်သာအထက်တန်းအထိကောင်းမွန်စွာ ပညာသင်ခွင့်ရရန်မျှော်မှန်းထားကြသည်။ကျေးရွာတွင်း၌သာ ရောင်းဝယ်ခွင့်ရပြီး အလုပ်အကိုင်ပေါပေါများများ လုပ်ခွင့်ရကာ ဝမ်းစာရေးအဆင်ပြေချင်ကြသည်။ကလေးမိခင်များသည်လည်း အလုပ်လုပ်ချိန်ရရန် မိမိ၏ ကလေးများကို မူကြိုဆရာမ ပြည့်စုံသည့်မူကြိုကျောင်းတွင်ထားနိုင်ရန်မျှော်မှန်းထားကြသည်။ ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကင်းစေရန်အတွက် သန့်ရှင်းသော သောက်ရေသုံးရေကိုလုံလောက်စွာရရန် လိုအပ်သည်။ တစ်ရွာနှင့်တစ်ရွာ သွားရေးလာရေးအဆင်ပြေစေသော ကျေးရွာချင်းဆက် ကျောက်ချောလမ်း နှင့် ကျေးရွာတွင်းလမ်းမီး လင်းရေးသည်လည်း ကျေးရွာအတွက်မျှော်မှန်းထားကြသည်။ ကျေးရွာရှိမျိုးဆက်သစ် လူငယ်များသည်လည်း ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပြုလုပ်သည့်အားကစားရုံ လိုအပ်နေပါသည်။ ကျေးရွာတွင် သာရေးနာရေး နှင့် အလှူ အခမ်းအနားကောင်းစွာပြုလုပ်နေသောနေရာကျယ် (သို့မဟုတ်) ခမ်းမဆောင် သည်လည်းကျေးရွာအတွက် လိုအပ်နေပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း




ဦးစားပေးလုပ်ငန်း (မ)
မိုးထိပ်
၁- ရေစုကန် နှင့်ရေပိုက်လိုင်းသွယ်တန်းခြင်း
၂- စာသင်ကျောင်းဆောင် ပြုပြင်ခြင်း
၃- ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း
၄- အုပ်စုဘောလုံးကွင်းတည်ဆောက်ခြင်း
၅- ကျောင်းအားကစားကွင်းတည်ဆောက်ခြင်း
၆- ကျေးရွာဈေးတည်ဆောက်ခြင်း


မိုင်းထမ်းကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ
(ကျား + မ)
1. လမ်းမီးလင်းရေးလုပ်ငန်း (တိုးချဲ့) - ကျား (၅၃ မဲ)
2. ရွာတွင်းရေကန်မှ ရေပိုက်လိုင်းသွယ်တန်းခြင်း - ကျား + မ (၅၁ မဲ)
3. ရွာတွင်းလမ်းများ ပြုပြင်ရေးလုပ်ငန်း - ကျား (၃၄ မဲ)
4. ကျေးရွာချင်းဆက်လမ်းများပြန်လည်ပြုပြင်ခြင်းလုပ်ငန်း - ကျား (၂၁
5. ကျေးရွာခန်းမတည်ဆောက်ခြင်း - ကျား (၁၇ မဲ)
6. ပညာရေးဝန်ဆောင်မှုရရှိရန် (မူကြိုဆရာမ) - မ (၁၂ မဲ)
7. အားကစားကိရိယာများထောက်ပံ့ပေးရန် - ကျား (၈ မဲ)
8. အလုပ်အကိုင်အခွင့်အလမ်းရရှိရန် - ကျား + မ (၂ မဲ)
9. အထက်တန်းပညာရေးအဆင့်တိုးမြှင့်ခြင်း - မ (၁ မဲ)
10. စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်ရရန် - ကျား (၁ မဲ)
11. ကျန်းမာရေးဆေးဝါးများအလုံအလောက်ရရှိရန် - မ (၁ မဲ)
12. ကျောင်းအားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်း - ကျား (—)
13. ချေးငွေများထောက်ပံ့ပေးစေခြင်း - မ (—)
14. စိုက်ပျိုးရေးနည်းပညာသင်တန်း - မ (—)
15. ရောင်းဝယ်ဖောက်ကားရန်နေရာ
(ကျေးရွာဈေး) တည်ဆောက်ခြင်း - မ (—)

မိုင်းထမ်းကျေးရွာသူရွာသားများမျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာစေရန် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများစွာ လုပ်ရန်လိုအပ်ပါသည်။ထို့ကြောင့် (၂၅.၁.၂၀၁၇)ရက်နေ့တွင် မိုင်းထမ်းကျေးရွာသူရွာသားများအားလုံး ဝိုင်းဝန်းဆွေးနွေးကာ အထက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်များ သတ်မှတ်ကာ ရွေးချယ်ခဲ့ကြပါသည်။ဖွံ့ဖြိုးရေးလုပ်ငန်းရွေးချယ်ရာတွင် ကျေးရွာသူရွာသားများသည် တက်ညီလက်ညီဖြင့် ပါဝင်မှုအားကောင်းကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ









**ကော်မတီများစာရင်း**

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးထွားရယ် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက်ကော်မတီ-ဥက္ကဌ |
| ၂ | ဒေါ်နင်းဆီ | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက်ကော်မတီ-ဥက္ကဌ |
| ၃ | ဒေါ်စန်းစန်းအေး | ငွေစာရင်းကိုင် | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၄ | ဦးစောမင်းထွေး | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်မိမိချော | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးမျိုးလွင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်ကြည်ကြည်နိုင် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးထွန်းဝေ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်သိန်းဇင် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးယုလွင် | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီဥက္ကဌ |
| ၁၁ | ဒေါ်ခင်မာဦး | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ | ပေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေး ကော်မတီ |
| ၁၂ | ဒေါ်ဇင်မာမင်း | စေတနာ့ဂန်ထမ်း | |
| ၁၃ | ဦးချစ်ဦး | စေတနာ့ဝန်ထမ်း | |
| ၁၄ | ဦးဘသန်း | အကြံပေးပုဂိုလ် | |

**၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)**

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဘသန်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်နန်းမိုးမိုးသူ |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ ဒိုဥ.ထမ်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကယား--- | ၄၆ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၄၆ |
| လူမျိုးစု (၂) ---ရှမ်း--- | ၄၄ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၄၄ |
| လူမျိုးစု (၃) ---ဗမာ--- | ၆ | ဘာသာ (၃) ---ဗုဒ္ဓ--- | ၆ |
| လူမျိုးစု၄ ကရင် | ၁ | ဗုဒ္ဓ | ၁ |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | ဗုဒ္ဓ | ၂ |
| မသန်စွမ်းသူများ | ၂ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ ဦး | ဗုဒ္ဓ | ၉ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၁ | ၁၉၈ |
| လူမျိုးစု (၁)-ကယား- | ၉၉ | ၉၈ |
| လူမျိုးစု (၂)---ရှမ်း--- | ၈၇ | ၈၈ |
| လူမျိုးစု (၃)---ဗမာ--- | ၁၃ | ၁၁ |
| အခြား ကရင် | ၂ | ၁ |
| အိမ်ထောင်ဦးစီး | ၈၁ | ၁၆ |

၃၉၉ ဦး

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ✓ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ✓ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ✓ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ✓ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ✓ | ☐ |
| အလယ်တန်းပြဆရာ/မ | ✓ | ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ✓ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ✓? | ✓ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ✓ | ☐ |
| (မှ)တ်ချက် …ကျောင်း ဆရာမ ၂၁ ဦး ရှိ | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း **ကတ္တရာလမ်း** (circled) ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လှည်းသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? **ရှိပါသည်** (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်-----------------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Pact Myanmar

(၂) NRC

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ □ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် ဦးဘသန်


လက်မှတ် [signature] နေ့စွဲ ၂၇.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် နန်းမိုးမိုးသူ

လက်မှတ် [signature] နေ့စွဲ 27.Jan.2017

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)





# ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | |
|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းမိုးမိုးသူ | | |
| နေ့စွဲ ၂၇.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ ကျေးရွာအုပ်စု ဘောလခဲ | ကျေးရွာ မိုင်းဝေး |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်း၊ မီး၊ ဓါတ်တိုင် မရှိခြင်း | ၁ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသော ကျေးလက်ဆေးပေးခန်း မရှိခြင်း |
| ၂ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၂ | အထက်တန်းကျောင်း မရှိခြင်း |
| ၃ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း | ၃ | စိုက်ပျိုးရေးနည်း ပညာမရှိသဖြင့် ဝင်ငွေနည်းခြင်း |
| ၄ | သောက်သုံးရေ မလုံလောက်ခြင်း | ၄ | အသက် ၅ နှစ်အောက် ကလေးများအတွက် မူကြိုကျောင်း မရှိခြင်း |
| ၅ | ကျေးရွာခန်းမ မရှိခြင်း | ၅ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း |
| ၆ | ကျေးရွာ အားကစားကွင်း မရှိခြင်း | ၆ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း |
| ၇ | စိုက်ပျိုးရေး နည်းပညာ မရှိ သဖြင့် ဝင်ငွေနည်းခြင်း | ၇ | သောက်သုံးရေ မလုံလောက်ခြင်း |
| | | | |
| | | | |
| | | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လယ်ထွန်စက်ရရှိရန် မျှော်လင့်ခြင်း | ၁ | သောက်သုံးရေ လုံလောက်စွာ ရရှိရန် မျှော်လင့်ခြင်း |
| ၂ | ကျေးရွာအားကစားကွင်း တည်ဆောက်ပေးရန် မျှော်လင့်ခြင်း | ၂ | အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာစေရန် |
| ၃ | သောက်သုံးရေ လုံလောက်စွာ ရရှိလာစေရန် | ၃ | ကျေးရွာဈေးများ တည်ဆောက်ပေးရန် မျှော်လင့်ခြင်း |
| ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၄ | |
| ၅ | | ၅ | |
| | | | |
| | | | |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေရရှိမှု မြှင့်တင်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်း | အမျိုးသား+ အမျိုးသမီး | ၇၀၀၀၀၀၀/- | ၄၆၅ ဦး |
| ၂ | ကျောင်းဆောင်မြှင့်တင်တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၆၅ ဦး |
| ၃ | ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း | အမျိုးသား | | ၄၆၅ ဦး |
| ၄ | ရွာပိုင် ဘောလုံးကွင်း တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | | ၁၁၄၀ ဦး |
| ၅ | ကျေးရွာလမ်း မြှင့်တင်ခြင်း | အမျိုးသား + အမျိုးသမီး | | ၄၆၅ ဦး |
| ၆ | ကျောင်းအားကစားကွင်း တည်ဆောက်ခြင်း | အမျိုးသမီး | | ၄၆၅ ဦး |
| ၇ | ကျေးရွာဈေး တည်ဆောက်ခြင်း | အမျိုးသမီး | | ၄၆၅ ဦး |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၈ | လမ်းမီးတိုင်များ မြှင့်တင်ခြင်း | အမျိုးသား + အမျိုးသမီး | Electrification |
| ၉ | မူကြိုဆရာမများအား လိုအပ်သည်များကို ပံ့ပိုးပေးခြင်း | အမျိုးသမီး | Education |
| ၁၀ | အားကစားကိရိယာများ ထောက်ပံ့ပေးရေး | အမျိုးသား | Livelihoods (non agriculture) |
| ၁၁ | အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း | အမျိုးသား + အမျိုးသမီး | Livelihoods(non agriculture) |
| ၁၂ | အထက်တန်း ပညာရေး တိုးမြှင့်ရရှိရေး | အမျိုးသမီး | Education |
| ၁၃ | စိုက်ပျိုးရေး အတွက်လိုအပ်သော မျိုးစေ့များ ပံ့ပိုးပေးခြင်း | အမျိုးသား | Agriculture |
| ၁၄ | ချေးငွေများ ထောက်ပံ့ပေးခြင်း | အမျိုးသမီး | Livelihoods(non agriculture) |
| ၁၅ | စိုက်ပျိုးမြေဩဇာ သင်တန်းပို့ချပေးခြင်း | အမျိုးသမီး | Agriculture |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဦးဘသန်း ---- လက်မှတ် ---- နေ့စွဲ ---- ၂၇-၁-၂၀၁၇ ----

## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



[redacted] ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ[redacted]းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ငေါ်မူမိုင်

နေ့စွဲ ၆ . ၂ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဘောလခဲ

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ရေနီပေါက် | စာသင်ကျောင်းတိုးချဲ့ | 24'x20'x18' | ကျောင်းသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၇၀၀၀၀၀၀ | | - | ၇၀၀၀၀၀၀ |
| ဝမ်ချယ် | စာသင်ကျောင်းမြှင့်တိုးချဲ့ (အခန်းချဲ့) | 30'x25'x18' | ကျောင်းသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၇၀၀၀၀၀၀ | | - | ၇၀၀၀၀၀၀ |
| မိုင်းထမ်း | ရေမြောင်းတူး (မြှင့်) ရေပိုက်သွယ် (မြှင့်) | 757' 2095' | ကျေးရွာသူ/သားများ | ☐ ကျား ☐ မ ☑ ကျား+မ | ၆၀၀၀၀၀၀ | | - | ၆၀၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | - | |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးထွားဂျယ် လက်မှတ် [signature] ရက်စွဲ ၆ . ၂ . ၂၀၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

### ပထမအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

- ကျေးရွာ - မိုင်းထမ်းကျေးရွာ
- ကျေးရွာအုပ်စု - ဘောလခဲ
- မြို့နယ် - ဘောလခဲ
- ရက်စွဲ - ၂၆.၁.၂၀၁၇
- နေရာ - မိုင်းထမ်းကျေးရွာ ဈေးပခေါင်
- အချိန် - ညနေ ၆:၀၀ နာရီ

| ဆွေးနွေးသူ | ဆွေးနွေးသည့်အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဦး[redacted]သန်း (ကျေးရွာဥက္ကဋ္ဌ) | - အစည်းအဝေး ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား<br>- ယနေ့ အားလုံး စုံစုံလင်လင် တက်ရောက်လာကြတဲ့အတွက် ကျေးဇူးတင်.<br>- စီမံကိန်း (၄) နှစ် ဆိုတော့ ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ လုပ်ရလိမ့်မယ် အဲ့ဒီအခါ ကျေးရွာလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပါ. | |
| ဒေါ်မူမိုင်<br>ဒေါ်နန်းမိုးမိုးသူ | - အမည်၊ ရာထူး၊ နေရပ် နှင့် စီမံကိန်း အမည်. စသည်တို့ကို ရင်းရင်းနှီးနှီး မိတ်ဆက်ခြင်း | |
| ဒေါ်[redacted]းမိုးမိုးသူ | "လူထုဗဟိုပြု စီမံကိန်း မိတ်ဆက်ခြင်း" ကို ရှင်းပြဆွေးနွေး<br>- စီမံကိန်းမှ အုပ်စု လူဦးရေအလိုက် ရံပုံငွေ ထောက်ပံ့ပုံကို ရှင်းပြ. | |
| ဦးယုလွင် | - ဆရာမ ပြောတဲ့ သိန်း ၂၂၀ က တစ်ရွာကို ဘယ်လောက်ရမလဲ ဟု ပြန်လည် မေးမြန်းဆွေးနွေး | |
| ဒေါ်နန်းမိုးမိုးသူ | - တစ်ရွာကို ဘယ်လောက် ရမယ် ဆိုပြီး ကျွန်မတို့ စီမံကိန်းမှ သတ်မှတ်ခြင်းမရှိ<br>- အုပ်စု မှ ရင်းရံပုံငွေ နှင့် ရွာအလိုက်၊ လုပ်ငန်းခွဲ အလိုက် ကုန်ကျမည့် ငွေ အပေါ် ကျေးရွာလူထု ကိုယ်တိုင် ပြန်လည် စီမံခန့်ခွဲရမည်. | |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
| --- | --- | --- |
| ဒေါ်မူခိုင် | - "စီမံကိန်းစက်ဝန်း" ကို အဆင့်အလိုက်၊ အပိုင်း (၆) ပိုင်းအလိုက် သေချာရှင်းလင်းဆွေးနွေး<br>- စက်ဝန်း (၁) ခု နှစ် (၁) နှစ် စီမံကိန်း တစ်နှစ် ဖြစ်သည်ဟု ရှင်းပြ | |
| ဒေါ်နန်းမိုးမိုးသူ | - စီမံကိန်းတွင် အစိုးရတာဝန်ရှိသူများ နှင့် တာဝန်ဝတ္တရားများကို ရှင်းပြ<br>- ထို့နောက် စေတနာ့ဝန်ထမ်း ရွေးချယ်ရန် အမျိုးသား (၃) ဦး၊ အမျိုးသမီး (၃) ဦး အဆိုပြုပေးပြီး အမျိုးသား (၁) ဦး နှင့် အမျိုးသမီး (၁) ဦးကို မဲပေးနည်းဖြင့် ကျေးရွာလူထုမှ ရွေးချယ်ခဲ့<br>- ရလဒ် (၁) ဦးချစ်ဦး (အမျိုးသား)<br>(၂) ဒေါ်ကြင်မာဆင်း (အမျိုးသမီး) | |
| ဒေါ်နန်းမိုးမိုးသူ | - မိုင်းထမ်း ကျေးရွာ လူထုများနှင့် အတူ လူမှုရေး အရင်းအမြစ် ပြမြေပုံ" ရေးဆွဲ၍ သုံးသပ်ဆွေးနွေးခဲ့ | |
| ဒေါ်မူခိုင် | - "ရာသီခွင်ပြ ပြက္ခဒိန်" ကို လူထုနှင့် အတူ ရေးဆွဲ ဆွေးနွေးခဲ့ ပြီးနောက် နေ့လည် ထမင်းစား နားခဲ့သည် | |
| ဒေါ်နန်းမိုးမိုးသူ | - ကျေးရွာလူထုနှင့် အတူ ကျေးရွာအတွင်း ဥစ္စာဓနကြွယ်ဝမှု အဆင့်ကို အဆင့်များခွဲသတ်မှတ်ပြီး ဆွေးနွေးခဲ့သည် | |
| ဦးစောကွဲ့ဒို<br>ဦးစိုင်းစိုးပိုင် | - ပိုင်ဆိုင်မှုများတွင် သုံးစွဲမှု၊ ထိန်းချုပ်မှုများကို ဝိုင်းဝန်း ဆွေးနွေး ဆန်းစစ်ကြသည်။ ထို့နောက် ပင်ကူအဖွဲ့ကို အမျိုးသား၊ အမျိုးသမီး (၂) ဖွဲ့ ခွဲ၍ ဆွေးနွေးကြပြီး ၎င်းတို့ ကွာဟချက်များကို ဝိုင်းဝန်း သုံးသပ်ကြသည်။ မိုင်းထမ်းကျေးရွာ နှင့် ချိတ်ဆက်နေသော အဖွဲ့အစည်းများကိုလည်း ဆွေးနွေး၍ ဗင်းပုံစံ ဖြင့် ရေးဆွဲ ချိတ်ဆက်သည်။ | |
| ဦးသောင်းညွန့် | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ မှ ကျေးဇူးတင်စကားပြောကြားပြီး မနက် ဒုတိယ အကြိမ် အစည်းအဝေး အတွက် မနက်ဖြန် မနက်ပြန်လာရန် (၈:၀၀) နာရီထက်နောက် မကျရန် မှာကြား၍ အစည်းအဝေးကို ရုတ်သိမ်းလိုက်သည်။ | |

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး မှတ်တမ်း ;

ကျေးရွာအမည် - မိုင်းထယ်း ကျေးရွာ

အုပ်စု - တောလဲ

မြို့နယ် - တောလဲ

ရက်စွဲ - ၂၇.၁.၂၀၁၇


အချိန် - မနက် (၈:၀၀) နာရီ

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| ဦး[illegible]သန်း (အုပ်စုဥက္ကဋ္ဌ) | - မိမိကိုယ်ကို မိတ်ဆက်ပြီး၊ အဖွင့်အမှာစကား ပြောကြား။<br>- "လူထုဗဟိုပြုစီမံကိန်း" အဖွဲ့မှ ကျွန်တော်တို့ရွာမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို (၃) နှစ် လာပြီး အုပ်စုကိုရဲ့ ပံ့ငွေတွေ ထောက်ပံ့ပေးသွားမယ်။ အလုပ်တွေလုပ်တဲ့ အခါ ကျားရင်လည်း အားလုံး ပူးပေါင်း ဆောင်ရွက်ပေးကြပါ လို့ နှိုးဆော်ရင်း နိဂုံးချုပ် ခဲ့ပါတယ်. | |
| ဒေါ်နန်းမိုးမိုးသူ မိုင်းထယ်းရွာသူ/သားများ | ကျေးရွာတွင် တွေ့ကြုံနေရသော အခက်အခဲပြဿနာများကို ဖော်ထုတ်ဆွေးနွေးခြင်း နှင့် မိမိတို့ ကျေးရွာ အပေါ်နောင် လာမည့် (၅)နှစ် အတွင်း မျှော်မှန်းထားသည့် မျှော်မှန်း ချက်များ ကို ဖော်ထုတ်ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး အတွက် ပြုလုပ်ရမည့် အစီအစဉ်များ သတ်မှတ်ကြ ဆွေးနွေးကြ သည်။ | |
| ဒေါ်ရူဖိုင်<br>ဦး နိုင်၊ စိုးဖိုင်<br>ဦးဘောဘွဲ့ဒို<br>ဒေါ်နန်းမိုးမိုးသူ | မိုင်းထယ်း ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်း များကို အမျိုးသား၊ အမျိုးသမီး ခွဲကာ ရွေးချယ် စေသည်။ ထို့နောက် အားလုံး ပေါင်း ကာမဲပေးစနစ်ဖြင့် ဦးစားပေး လုပ်ငန်းများကို အဆင့် အလိုက် ပြန်လည် ရွေးချယ် ကြ သည်။ ၎င်းတို့မှာ အောက်ပါတို့ဖြစ်သည်.<br>(၁) ရေလှောင်ကန်ဆောက်လုပ်ခြင်း နှင့် ရေပိုက်သွယ်တန်း ခြင်း (ကျား+မ)<br>(၂) ကျောင်းဆောင် ပြုပြင်တည်ဆောက်ခြင်း (ကျား+မ)<br>(၃) ခန်းမဆောင်တိုးချဲ့ဆောက်လုပ်ခြင်း (ကျား) | |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | (၄) အုပ်စုဘောလုံးကွင်း တည်ဆောက်ခြင်း (ကျား+မ)<br>(၅) ကျေးရွာလမ်း ပြုပြင်ခြင်း (ကျား+မ)<br>(၆) ကျောင်းအား ကစားကွင်းတည်ဆောက်ခြင်း (မ)<br>(၇) ကျေးရွာဈေး တည်ဆောက်ခြင်း (မ)<br>(၈) လမ်းမီးတိုင်ပြုပြင်ခြင်း (ကျား+မ)<br>(၉) မူကြိုဆရာမများအား လိုအပ်သည်များကိုပံ့ပိုးပေးခြင်း (မ)<br>(၁၀) အားကစား ကိရိယာများ ထောက်ပံ့ပေးရေး (ကျား<br>(၁၁) အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း (ကျား+မ)<br>(၁၂) အထက်တန်းပညာ ရေးတိုးမြှင့် ရရှိရေး (မ)<br>(၁၃) စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့များပံ့ပိုးပေးခြင်း (ကျား)<br>(၁၄) ချေးငွေများထောက်ပံ့ပေးစေခြင်း (မ)<br>(၁၅) စိုက်ပျိုးမွေးမြူရေးသင်တန်း (မ) | |
| ဒေါ်နန်းမိုးမိုးသူ | လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးဝင်သော လုပ်ငန်းခွဲများနှင့် အကျုံးမဝင်သောလုပ်ငန်းများ နှင့် ပထမဦးဆုံး နှစ်တွင်းအကျုံးဝင်သောလုပ်ငန်းခွဲ များကို ရှင်းလင်းတင်ပြသည်။ | |
| ဒေါ်ရှုမိုင် | စီမံကိန်းမှ ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ၊ လူမှုရေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ ထောက်ရှုရမည့် အကာအကွယ်များကိုရှင်းလင်းတင်ပြသည်။ | |
| ဒေါ်နန်းမိုးမိုးသူ<br>ဒေါ်ရှုမိုင်<br>ဦးစောဘွဲ့ဦး<br>ဦးစိုင်းစိုးမိုင် | ကျေးရွာစီတောက် အဖွဲ့ဝင်များကို အမျိုးသား၊ အမျိုးသမီး (၃)ဦးစီ အဆိုပြုစေပြီး မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။<br>**ကျေးရွာစီတောက် အဖွဲ့ဝင်များ**<br>၁။ ဦးတွားရယ် — ကျေးရွာစီတောက်ဥက္ကဋ္ဌ<br>၂။ ဒေါ်နွဲ့ဆီ — ״<br>၃။ ဒေါ်စန်းစန်းဇော — ကျေးရွာငွေစာရင်းကိုင်<br>၄။ ဦးချစ်ဦး — ကျေးရွာစေတနာ့ဝန်ထမ်း<br>၅။ ဒေါ်ခင်မာမင်း — ״<br>၆။ ဦးမျိုးလွင် — ဆောင်ရွက်ကြီးကြပ်ရေး<br>၇။ ဒေါ်ကြည်ကြည်နိုင် — ״ | |

| ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| | (၈) ဦးစောမင်းဆွေ — ဝယ်ယူရေး<br>(၉) ဒေါ်မိမိချော — "<br>(၁၀) ဦးပုလွင် — ငွေစာရင်း<br>(၁၁) ဒေါ်ခင်မာဦး — "<br>(၁၂) ဦးဝင်းဇေ — လုပ်ငန်းထိန်းသိမ်းရေး<br>(၁၃) ဒေါ်သိန်းဇင် — "<br>(၁၄) ဦးဘသန်း — ကြီးကြပ်ပုဂ္ဂိုလ်<br>ကော်မတီဝင်များ ရွေးချယ်ပြီးနောက် ကော်မတီဝင်များ၏ တာဝန် ဝတ္တရားများကို နောက်တစ်ကြိမ် ရှင်းပြခဲ့ပြီး ကျင့်ဝတ်များကို လက်မှတ် ရေးထိုးစေသည်။ သဘောတူပြီးမှ လက်မှတ်ရေးထိုးစေသည်။ | |
| ဦးသောင်းဇော်နှင့် (ကျေးရွာဖွံ့ဖြိုးရေး ဥက္ကဋ္ဌ) | - အစည်းအဝေးပြီးတဲ့ အထိ ပါဝင်ပေးကြလို့ ကျေးဇူးတင်ပါတယ်။<br>အစည်းအဝေး ရုတ်သိမ်း။ | |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ခန်းမဆောင်တိုးချဲ့ ဆောက်လုပ်ခြင်း | ကျား | Jan/ 17 | ကျေးရွာလူထု | |
| | ၂ | အုပ်ရေ ဘောလုံးကွင်း တည်ဆောက်ခြင်း | ကျား + မ | Jan/17 | ကျေးရွာလူထု | |
| | ၃ | ကျောင်း အားကစားကွင်း တည်ဆောက်ခြင်း | မ | Jan/17 | ကျေးရွာလူထု | |
| | ၄ | ကျေးရွာဈေးတည် ဆောက်ခြင်း | မ | Jan/ 17 | ကျေးရွာလူထု | |
| အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေး | ၁ | အလုပ်အကိုင်အခွင့်အ လမ်းဖန်တီးပေးခြင်း | ကျား+မ | Jan/ 17 | ကျေးရွာလူထု | |
| | ၂ | စိုက်ပျိုးရေး မျိုးစေ့ပိုး ပေးစေခြင်း | ကျား | Jan/ 17 | ကျေးရွာလူထု | |
| [illegible] | ၁ | ရေရှာဖွေပြည့်ဝခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း | ကျား+ မ | Jan/ 17 | ကျေးရွာလူထု | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | ကျောင်းဆောင်မြှင့်တင် တည်ဆောက်ခြင်း | ကျား + မ | Jan/17 | ကျေးရွာလူထု | |
| | ၂ | အထက်တန်းပညာရေး တိုးမြှင့်ရရှိရေး | မ | Jan/ 17 | ကျေးရွာလူထု | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | အားကစားကိရိယာများ ထောက်ပံ့ပေးရေး | ကျား | Jan/ 17 | ကျေးရွာလူထု | |
| | ၂ | ချေးငွေများထောက် ပံ့ပေးစေခြင်း | မ | Jan/ 17 | ကျေးရွာလူထု | |
| | ၃ | လမ်းမီးတိုင် မြှင့် ခြင်း | | | | |